ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၁၀) ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ဥာဏ်ပူဇော်ခနှုန်းထားများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၅-၇ |
| ၃။ | အိန္ဒိယနိုင်ငံရှိ National Company Law Tribunal အကြောင်း လေ့လာ တင်ပြခြင်း။ | ၈-၉ |
| ၄။ | ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့်နည်း ဥပဒေများနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၁၀ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက် စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ အမိန့်ကြော်ငြာစာ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) က အင်္ဂလိပ် ဘာသာပြန်ဆိုထားသော The Law Amending the Penal Code၊ The Law Amending the Code of Criminal Procedure ၊ The Law Amending the Television and Video Law ၊ The Law Amending the Union Taxation Law, 2020 ၊ The Law Amending the Counter Terrorism Law ၊ The Law Amending the Foreign Exchange Management Law ၊ The Law Amending the Code of Civil Procedure ၊ The Adaptation of Expressions Law ၊ The Law Amending the Myanmar Historical Commission Law, 2018 ၊ The Law Amending the Bar Council Act ၊ The Second Amending the Law of the Broadcasting Law (၁၁)ခု တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ကို ပြင်ဆင်သည့်နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၄) ဖြင့် (၅-၃-၂၀၂၄) ရက်နေ့၌ ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ) တို့တွင် ပါရှိသည့် "ရက်ပေါင်း ၉၀" ဆိုသည့် စကားရပ်များကို "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီအနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍

ကော်မရှင်ကအမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့်စကားရပ်များဖြင့်လည်းကောင်း၊ နည်းဥပဒေ၁၃ (က) ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ (ဈ)၊ ပုံစံ (စ) အပိုဒ် ၃ တို့တွင်ပါရှိသော “ပါတီဝင်ဦးရေအနည်းဆုံး၁၀၀၀၀၀” ဆိုသည့် စကားရပ်များကို “ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀” ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ ပုံစံ(င)အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ ပုံစံ(င-၁) အပိုဒ်၁ အပိုဒ်ခွဲ(ည) တို့တွင် ပါရှိသော “ရက်ပေါင်း၁၈၀”ဆိုသည့် စကားရပ်များ၌ “ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း၉၀ ကြိုတင်၍ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ “မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်ဆိုသည့် စကားရပ်များကို “မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ” ဆိုသည့် စကားရပ် များဖြင့်လည်းကောင်း၊ ပုံစံ(စ) အပိုဒ် (၃)ပါ “ရက်ပေါင်း၉၀ ပြည့်သည့် နေ့ရက်ထက် နောက်မကျ စေဘဲ” ဆိုသည့် စကားရပ်ကို “ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်ထက် နောက်မကျစေဘဲ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုံစံ(ဇ) အပိုဒ် (၁) ပါ “ပါတီဝင်ဦးရေ ၁၀၀၀၀၀” ဆိုသည့် စကားရပ်ကို “ပါတီဝင်ဦးရေ ၅၀၀၀၀” ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင် ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၀ ၌ ပါတီတစ်ခုသည် ဥပဒေပုဒ်မ ၁၂ (က) (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်း၍ မှတ်ပုံတင် ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်းအပ်နှံရမည် ဖြစ်ကြောင်း၊ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည် ဟု မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက် မနိမ့်သူ တစ်ဦးဦးတို့သည် ဥပဒေပုဒ်မ ၁၂ (က) (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့်

ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်ဖြစ်ကြောင်း၊ ထိုသို့အပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်တွင်မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုသောပါတီများပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကိုပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီကဆက်ခံခွင့်ရှိသည်ဟူ၍ အစားထိုးပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

နည်းဥပဒေ ၂၂ ၌ ပါတီတစ်ခုသည် မိမိ၏နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီ တစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ ဥပဒေပုဒ်မ၅ (ဆ) အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်ဖြစ်ကြောင်း အစားထိုးပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီဝင်များနှင့် ဥပဒေလေ့လာသိရှိလိုသူများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ နှင့်စပ်လျဉ်း၍ MLIS Website ၌ ဝင်ရောက် လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဉာဏ်ပူဇော်ခနှုန်းထားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၌ သင်တန်းပို့ချပေးသည့် သင်တန်းနည်းပြများအတွက် ဉာဏ်ပူဇော်ခနှုန်းထားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် ပြင်ပပညာရှင်များအတွက် ဉာဏ်ပူဇော်ခနှုန်းထားများမှာ ပြည်ထောင်စုဝန်ကြီးအဆင့်၊ ဒုတိယဝန်ကြီးအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့်အသိအမှတ်ပြုထားသည့် ကျွမ်းကျင်ပညာရှင်များဖြစ်လျှင် တစ်ရက်၅၀,၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ အလားတူအဆင့်များရှိသည့် လုပ်ငန်းနယ်ပယ်အလိုက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ပညာရှင်ကြီးများဖြစ်လျှင် တစ်ရက်၂၅,၀၀၀ကျပ်၊ ညွှန်ကြားရေးမှူးအဆင့်၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များဖြစ်လျှင် တစ်ရက် ၁၅,၀၀၀ ကျပ်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်၊ ဦးစီးအရာရှိအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်၊ လုပ်ငန်းနှင့်ဆက်စပ်သည့် ပြင်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်သတ်မှတ်ကြောင်းနှင့် တစ်ဦးလျှင် တစ်ရက်စာသင်ချိန် အနည်းဆုံး ၂ ချိန်မှ အများဆုံး ၄ ချိန်ထိ သတ်မှတ်ရန် ဖြစ်ကြောင်း သိရှိရပါသည်။

အခြားဌာနများမှ သင်တန်းနည်းပြများအတွက် ဉာဏ်ပူဇော်ခနှုန်းထားများမှာ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နည်းပြများ ဖြစ်လျှင် တစ်ရက် ၁၅,၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် နည်းပြများ

ဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့် ဦးစီးအရာရှိအဆင့် နည်းပြများဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်၊ အမှုထမ်းနည်းပြများဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ် သတ်မှတ်ကြောင်းနှင့် တစ်ဦးလျှင် တစ်ရက်စာသင်ချိန် အနည်းဆုံး ၂ ချိန်မှ အများဆုံး ၄ ချိန်ထိ သတ်မှတ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ဌာနတွင်းမှသင်တန်းနည်းပြများအတွက်ညဏ်ပူဇော်ခနှုန်းထားများမှာ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နည်းပြများ ဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် နည်းပြများဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့် ဦးစီးအရာရှိအဆင့် နည်းပြများ ဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ကျပ်၊ အမှုထမ်းနည်းပြများဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ်သတ်မှတ်ကြောင်းနှင့် တစ်ဦးလျှင် တစ်ရက်စာသင်ချိန် အနည်းဆုံး ၂ ချိန် မှ အများဆုံး ၄ ချိန်ထိ သတ်မှတ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

သက်မွေးပညာကျွမ်းကျင်သူ သင်တန်းနည်းပြများအတွက် ညဏ်ပူဇော်ခနှုန်းထားများမှာ လုပ်ငန်းနယ်ပယ်အလိုက် သက်မွေးပညာကျွမ်းကျင်သူများ (လက်မှုပညာ၊ စက်မှုပညာ) ဖြစ်လျှင် တစ်ရက် ၁၀,၀၀၀ ကျပ် သတ်မှတ်ကြောင်းနှင့် တစ်ဦးလျှင် တစ်ရက်အတွက် အနည်းဆုံး စာသင်ချိန်နှင့် အများဆုံးစာသင်ချိန်တို့ကို သက်ဆိုင်ရာဌာနမှ သတ်မှတ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ လူငယ်သင်တန်းကျောင်း တို့တွင် ပြင်ပပညာရှင်များအဖြစ် ပုတ်ပြတ်လစာဖြင့် ခန့်ထားသည့် သင်တန်းနည်းပြများအတွက် ညဏ်ပူဇော်ခနှုန်းထားများမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် များတွင် ပါမောက္ခမှ နည်းပြအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာ သင်တန်း နည်းပြများ၊ အလားတူ အဆင့်ရှိသည့် ပြင်ပမှ ဘာသာရပ်ဆိုင်ရာနည်းပြများဖြစ်လျှင် တစ်လ ၂၀၀,၀၀၀ ကျပ်၊ လူငယ်သင်တန်းကျောင်းများတွင် Grade 11၊ Grade 12 တို့ရှိ အဆောင်နေ ကျောင်းသားများအား ကျူရှင်ဆရာအဖြစ် သင်ကြားပေးသည့် ပြင်ပမှဘာသာရပ်ဆိုင်ရာ ဆရာ၊

ဆရာများဖြစ်လျှင် တစ်လ ၁၅၀,၀၀၀ ကျပ်၊ Grade 11၊ Grade 12 တို့ရှိ အဆောင်နေကျောင်းသားများအား ဘာသာရပ်အလိုက် အချိန်ပိုသင်ကြားပေးသည့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများဖြစ်လျှင် တစ်လ ၁၀၀,၀၀၀ ကျပ် သတ်မှတ်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်ပြည်ထောင်စုဝန်ကြီးဌာနများသည် ၎င်းတို့ဖွင့်လှစ်မည့် သင်တန်းများတွင် သင်တန်းနည်းပြများ၏ ဥဘဏ်ပူဇော်ခများကို တစ်ညီတစ်ညွတ်တည်း ပေးချေနိုင်ခြင်း၊ အနည်းဆုံးသင်တန်းပို့ချပေးရမည့် သင်တန်းချိန်နှင့် အများဆုံးသင်တန်းပို့ချပေးရမည့် သင်တန်းချိန်များကို သိရှိသတ်မှတ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## အိန္ဒိယနိုင်ငံရှိ National Company Law Tribunal အကြောင်း လေ့လာတင်ပြခြင်း

အိန္ဒိယနိုင်ငံရှိ ကုမ္ပဏီဥပဒေဆိုင်ရာခုံရုံး (National Company Law Tribunal- NCLT) သည် ၂၀၁၃ ခုနှစ်၊ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၀၈ အရ အစိုးရက ဖွဲ့စည်းထားသော တရားစီရင်ရေး သဘောဆန်သည့်အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ အဆိုပါခုံရုံးသည် အိန္ဒိယနိုင်ငံ အတွင်းရှိ ကုမ္ပဏီများကို အကာအကွယ်ပေးနိုင်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆုံးဖြတ်ပေးသည့် ခုံရုံးတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

NCLT ခုံရုံးအနေဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်-

(က) ကုမ္ပဏီများအက်ဥပဒေအရ ဆောင်ရွက်ရသည့် အနုညာတစီရင် ဆုံးဖြတ်ခြင်း၊ သဘောတူညီချက်ရရှိအောင် ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ကုမ္ပဏီများ ပြန်လည်တည်ထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ခ) လူမွဲခံယူခြင်းနှင့် ကုမ္ပဏီဒေဝါလီခံခြင်းဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဂ) ၁၉၈၅ခုနှစ်၊အောင်မြင်မှုနည်းသောစက်မှုဆိုင်ရာကုမ္ပဏီများ(အထူးပြဋ္ဌာန်းချက်များ) အက်ဥပဒေ (Sick Industrial Companies(Special Provisions) Act , 1985) အရ မပြီးပြတ်သေးသည့်အမှုများအပြင် စက်မှုနှင့်ငွေကြေးဆိုင်ရာပြန်လည်ထူထောင်ရေးဘုတ်အဖွဲ့(Board of Industrial and Financial Reconstruction – BIFR) တွင် မပြီးပြတ်သေးသည့် ကိစ္စရပ်များ၊

(ဃ) ကုမ္ပဏီ၏ မှားယွင်းစီမံခန့်ခွဲမှုများ၊ ဖိနှိပ်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ။

အထက်ပါ ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို တရားမတရားရုံးတွင် စီရင်ပိုင်ခွင့်မရှိဘဲ ကုမ္ပဏီဥပဒေဆိုင်ရာခုံရုံး (NCLT) သို့သာ တင်သွင်းဆောင်ရွက်ရကြောင်း တွေ့ရှိရပါသည်။

NCLT ကချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်အပေါ်နစ်နာသူမည်သူမဆို အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၄၅ ရက်အတွင်း ဆုံးဖြတ်ချက်မိတ္တူပူးတွဲ၍ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၁၀ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီဥပဒေဆိုင်ရာ အယူခံခုံရုံး (National Company Law Appellate Tribunal- NCLAT)သို့ အယူခံမှုတင်သွင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အယူခံခုံရုံးမှ ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက တရားရုံးချုပ် (Supreme Court) သို့ တင်သွင်းနိုင်ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံစီးပွားရေးရာဝန်ကြီးဌာနမှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကုမ္ပဏီဥပဒေဆိုင်ရာခုံရုံး (NCLT)ရုံးချုပ်ကိုဖွဲ့စည်းထားပြီး အခြားပြည်နယ်များတွင်လည်းခုံရုံးခွဲများဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါခုံရုံးများတွင် ဥက္ကဋ္ဌတစ်ဦး၊ တရားရေးအဖွဲ့ဝင် ၁၆ ဦးနှင့် နည်းပညာဆိုင်ရာအဖွဲ့ဝင် ၉ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။

ကုမ္ပဏီဥပဒေဆိုင်ရာခုံရုံး (NCTL) သည် စီးပွားရေးလုပ်ငန်းများအတွက် သီးခြားဖွဲ့စည်းထားသည့် ခုံရုံးတစ်ခုဖြစ်သည့်အတွက် တရားရုံးများတွင်များပြားသောတရားစွဲဆိုခြင်းဆိုင်ရာကိစ္စရပ်များနှင့် ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်များအတွက် ကြာမြင့်သည့်အချိန်ကာလများကို လျှော့ချနိုင်ခြင်း၊ အဆိုပါကိစ္စရပ်များကိုလည်း လျင်မြန်စွာစီမံခန့်ခွဲနိုင်ခြင်းဖြင့် အမှုများလျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

**ကိုးကားချက်**

-https://byjus.com/free-ias-prep/national-company-law-tribunal/

-https://www.indiafilings.com/learn/national-company-law-tribunal-powers jurisdiction/#:~:text=Advantages%20of%20National%20Company%20Law%20Tribunal &text=NCLT%20will%20reduce%20the%20multiplicity,up%20a%20company%20is%20reduced.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၁၀)    ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်

## ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်းသည့် သတင်းစဉ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ကို ထုတ်ပြန်ကြောင်း သိရသည်။

ယင်းနည်းဥပဒေဖြင့် နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ည) ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသောဧရိယာ ဆိုသည့်စကားရပ်ကို "ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရိဝုဏ်မှ ပေ ၁၂၀ အတွင်းရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံသည် မြို့ပြနှင့် ကျေးရွာအတွင်းရှိ လူနေအဆောက်အအုံများအကြားတွင် ဖြစ်ပါက ယင်းရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရိဝုဏ်မှ ပေ ၃၀ အတွင်း ရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အုံ၏ ဘေးပတ်လည်တွင် သတ်မှတ်ဧရိယာပြည့်မီသည့် မြေပို၊ မြေလွတ်မရှိပါက ယင်းအဆောက်အအုံ တည်ရှိသည့် မြေနယ်နိမိတ်အဝန်းအဝိုင်းကိုလည်းကောင်း ဆိုသည်။" ဟုလည်းကောင်း၊ နည်း ဥပဒေ ၂၂ နည်းဥပဒေခွဲ (က) ကို "တိုးချဲ့မည့်နေရာသည်ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသောဧရိယာအတွင်းကျရောက်ခြင်း ရှိ မရှိ" ဟုလည်းကောင်း အစားထိုးထားကြောင်းနှင့် ယင်းနည်းဥပဒေသည် ၁၉-၂-၂၀၂၄ ရက်နေ့တွင် အာဏာသက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

